International IDEA

# မြန်မာနိုင်ငံတွင်စစ်အာဏာသိမ်းမှုငါးနှစ်ပြည့်၌ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေးနိုင်ငံတကာအဖွဲ့အစည်း (International IDEA) ၏ ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် စစ်တပ်မှ တရားမဝင်အာဏာသိမ်းခဲ့သော မြန်မာနိုင်ငံသည် ယခု အာဏာသိမ်းမှု ငါးနှစ်တာ ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ပိုမိုနက်ရှိုင်းလာသော နိုင်ငံရေးအကျပ်အတည်း၊ လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်း နှင့် လူ့အခွင့်အရေးအကျပ်အတည်းများတွင် ပိတ်မိလျက်ရှိနေဆဲပင်ဖြစ်သည်။ စစ်အာဏာသိမ်းမှုသည် နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ရုတ်ချည်းရပ်တန့်သွားစေခဲ့ပြီး ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၏ ရလဒ်များကို ဖျက်သိမ်းလိုက်ကာ အရပ်သားအုပ်ချုပ်မှုမှ  နိုင်ငံအနှံ့ ဖိနှိပ်မှု၊ ပဋိပက္ခနှင့် အင်စတီကျူးရှင်းများပြိုလဲမှုများဖြင့် နေရာယူသွားခဲ့သည်။ ယနေ့ မြန်မာနိုင်ငံသည် အဆိုးရွားအပြင်းထန်ဆုံးသော တကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီစနစ် ပျက်ပြားမှုဖြစ်စဉ်များအနက် တစ်ခုအဖြစ် တွေ့ကြုံနေရသည်။

စစ်အာဏာရှင်သည် ဒီဇင်ဘာ ၂၀၂၅ နှင့် ဇန်နဝါရီ ၂၀၂၆ အတွင်း ရွေးကောက်ပွဲများကို အပိုင်းလိုက်ခွဲ၍ ပြုလုပ်ခဲ့ပြီး "ပုံမှန်အခြေအနေ" သို့ ရောက်ရှိလေဟန် ဆောင်ရွက်ခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခ၊ အကြီးအကျယ်နေရပ်စွန့်ခွာရမှုများ နှင့် ဆိုးရွားသော ဖိနှိပ်မှုများကြားမှ ပြုလုပ်ခဲ့သော ရွေးကောက်ပွဲ ဆန္ဒမဲများသည် လွပ်လပ်၊ တရားမျှတ၍ အားလုံးပါဝင်သော ရွေးကောက်ပွဲများ၏ အနိမ့်ဆုံးစံနှုန်းများကိုပင် ပြည့်မီခြင်းမရှိပါ။ ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲမှ ပြည်သူလူထု၏ ဆင့်လွှဲအာဏာကို အဓိက ရရှိခဲ့သည့် နိုင်ငံရေးပါတီများအပါအဝင် အဓိကနိုင်ငံရေးပါတီများမှာ ပိတ်ပင်ထားခြင်းခံရပြီး၊ သို့မဟုတ် သပိတ်မှောက်စေရန်အခြေအနေကို ဖန်တီးထားပြီး  ယင်းတို့၏ ကိုယ်စားလှယ်များနှင့် ဆန္ဒမဲပေးခဲ့သည့် ပြည်သူများမှာလည်း ခြိမ်းခြောက်ဖိနှိပ်မှုများနှင့် ဖမ်းဆီးမှုများ တွေ့ကြုံခံစားနေကြရသည်။ ထိုရွေးကောက်ပွဲများသည် စစ်တပ်အုပ်စိုးမှုတည်တံ့စေရန်အတွက် အပေါ်ယံအရပ်သားတရားဝင်မှုကိုတည်ဆောက်ရန် ရည်ရွယ်ဒီဇိုင်းဆွဲထားခြင်းသာဖြစ်ပြီး မြန်မာပြည်သူလူထု၏ စစ်မှန်သောဆန္ဒကို ထင်ဟပ်ခြင်းမရှိပါ။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် စစ်တပ်ကျင်းပသည့်ရွေးကောက်ပွဲကို ငြင်းပယ်သည့် ကုလသမဂ္ဂ၏မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်၊ ဥရောပသမဂ္ဂ၊ အာဆီယံတို့နှင့် သဘောထားတစ်ညီတစ်ညွတ်တည်း ရှိပါသည်။ ဤသည်မှာ အဆိုပါရွေးကောက်ပွဲသည်  အများပြည်သူ၏ ယုံကြည်ထောက်ခံမှု ကင်းမဲ့ခြင်းနှင့် တရားဝင်မှု လုံးဝမရှိခြင်း ဟူသော ဘုံသဘောထားရပ်တည်ချက်ပင် ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေသည် အန္တရာယ်ရှိသည့်အနေအထားတွင် ရှိနေဆဲ ဖြစ်ပြီး ယင်းသည် နိုင်ငံရေးပဋိပက္ခနှင့် ခွဲမရအောင် ဆက်စပ်လျက်ရှိသည်။ ပြီးခဲ့သည့်နှစ်တွင် အကြမ်းဖက်မှုများမှာလည်း သိသိသာသာ မြင့်တက်လာခဲ့သည်။ ပဋိပက္ခကြောင့်သေဆုံးခြင်း၊ လေကြောင်းနှင့်ဒရုန်းဖြင့်တိုက်ခိုက်မှုများ၊ မြေမြှုပ်မိုင်းများအသုံးပြုမှု၊ လူအများအပြားကိုဖမ်းဆီးမှု နှင့် အဓမ္မစစ်မှုထမ်းစေခြင်းများအားလုံးတို့သည်လည်း ပိုမိုများပြားလာခဲ့ပြီး တစ်ဖက်တွင်

International IDEA

ပြည်သူလူထု၏ သတင်းအချက်အလက်ရရှိမှု နှင့် လွတ်လပ်စွာလှုပ်ရှားရှင်သန်သည့်အဝန်းအဝိုင်း မှာ စနစ်တကျ ဖျက်ဆီးခြင်းခံနေရသည်။ စစ်တပ်သည် ၎င်းတို့၏ အာဏာကို ခိုင်မာစေရန်အတွက် အင်အားသုံးခြင်း၊ စောင့်ကြည့်ထိန်းချုပ်ခြင်း နှင့် အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းများကို ဆက်လက်အသုံးပြုလျက်ရှိသည်။ ထောင်နှင့်ချီသော ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ သတင်းထောက်များ နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များမှာ အကျဉ်းကျခံနေရဆဲပင်ဖြစ်ပြီး အများအပြားမှာ နှိပ်စက်ညှဉ်းပန်းမှုနှင့် လူမဆန်စွာပြုမူခြင်းများ ခံစားနေကြရသည်။

တရားဥပဒေမဲ့ သတ်ဖြတ်မှုများ၊ အတင်းအဓမ္မဖျောက်ဖျက်ပစ်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အစုလိုက်အပြုံလိုက်ပြစ်ဒဏ်ပေးခြင်း နှင့် အရပ်သားပစ်မှတ်များကို လေကြောင်းမှဗုံးကြဲတိုက်ခိုက်ခြင်းတို့ အပါအဝင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နှင့် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများအား အကြီးအကျယ်ချိုးဖောက်မှုများအား ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) နှင့် အခြားအဖွဲ့အစည်းများမှ မှတ်တမ်းတင် ခဲ့ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံအတွင်းတွင် တာဝန်ယူ၊ တာဝန်ခံမှုကင်းမဲ့နေခြင်းက နိုင်ငံတကာယန္တရားများကို မရှိမဖြစ်လိုအပ်လာစေသည်။ လက်ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂျီနိုဆိုက်ကွန်ဗန်းရှင်းအား ချိုးဖောက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ်တရားစွဲဆိုမှု သည် တရားမျှတမှုကို ဆောင်ကျဉ်းရန် နှင့် ရက်စက်ကြမ်းကြုတ်မှုများ ထပ်မံမဖြစ်ပွားစေရန်အတွက် နိုင်ငံတကာ၏ ဆက်လက်ထိတွေ့ဆောက်ရွက်နေမှုနှင့်ပတ်သက်သည့် အရေးကြီးသော အခြင်းအရာတစ်ခုပင်ဖြစ်သည်။

ဤ မရပ်မနားဖိနှိပ်မှုများကြားမှ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုသည် မျှော်မှန်းချက်အသစ်ဖြစ်သည့် အရပ်သားဦးဆောင်၍ အားလုံးပါဝင်သော အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ ထူထောင်ရေးအတွက် ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲမှ ပြည်သူ့ကိုယ်စားပြုမှု နှင့် အလွှာပေါင်းစုံမှ ပိုမိုကျယ်ပြန့်သောအင်အားစုများ၏ ခုခံတွန်းလှန်မှုတို့ပေါင်းစပ်ကာ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ International IDEA သည် မြန်မာပြည်သူလူထုနှင့် ၎င်းတို့၏ ဒီမိုကရေစီနည်းကျ တရားဝင်ကိုယ်စားပြုသူများနှင့် အတူတကွ ရပ်တည်လျက်ရှိပြီး ဤ ကြေကွဲဖွယ်ရာ စစ်အာဏာသိမ်းမှု နှစ်ပတ်လည်တွင် ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအား စစ်အုပ်ချုပ်ရေးအားပုံမှန်အခြေအနေအဖြစ် သဘောထားမှုကို ငြင်းပယ်ရန်၊ တာဝန်ယူတာဝန်ခံမှုနှင့် လူ့အခွင့်အရေးကိစ္စများတွင် ထောက်ပံ့ကူညီရန်၊ မူအပေါ်အခြေခံ၍ မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုနှင့် ဆက်လက်ထိတွေ့ဆက်ဆံရန် ထပ်လောင်း တိုက်တွန်းအပ်ပါသည်။